မောင်ရှူးဝမ်း

# ဗယာမင်းကြီး၏ စီးပွားရေး အတွေးအခေါ် နှင့် ဗောဂဗေဒ လက်ရွေးစင်



# ယောမင်းကြီး၏ စီးပွားရေး အတွေ းအခေါ်

ယောမင်းကြီးခေါ် ယောအတွင် းဝန် ဦးဘိုးလှိုင်သည် ကုန်းဘောင်ခေတ်က မွေးထုတ်ပေးခဲ့သော မြန်မာပညာရှိ သုခမိန်ကြီးတစ်ဦး ဖြစ်သည်။ ကုန်းဘောင်ခေတ်သည် ဥရောပ သိုးဆောင်းတို့၏ နယ်ချဲ့စနစ်နှင့် လက်ပွန်းတတီး ဆက်ဆံလိုက်ရသော ခေတ် ဖြစ်၍ လည်း ယောအ တွင် းဝန် ဦးဘိုးလှိုင်၏ အတွေ းအခေါ်တွင် ထိုစဥ်က ဥရောပတွင် ခေတ်ထနေသော အတွေ းအခေါ်များ ၏ အရိပ်အရောင် များ ကို တွေ ့ရှိရခြင်း ဖြစ်သည်။

ခေတ်ဟောင်းမှ ခေတ်သစ် ပြောင်းတော့မည် ဟု ဆိုလျှင် ရှေ့ပြေးအတိတ်နိမိတ်များ ပေါ်ပေါက်စမြဲ ဖြစ်၏ ။ ယောအတွင် းဝန်၏ အတွေ းအခေါ်များ သည် ခေတ်၏ ရှေ့ပြေးနိမိတ်များ ဖြစ်သည်ဟုဆိုလျှင် မှာ းအံ့မထင်ပေ။

ယောအတွင် းဝန်က အတွေ းအခေါ်အသစ်များ ပြုစု ပျိုး ထောင်နေစဥ်တွင် ဥရောပ၌ အရင်းရှင်စနစ်သည် အရွယ်ကောင်းတုန်း နုပျိုလို့ ကောင်းတုန်းပင် ဖြစ်သည်။ အရင်းရှင်စနစ်သည် လက်ဝါးကြီးအုပ် အရင်းရှင်စနစ် အဆင့်အထိ လည်းကောင်း၊ စက်မှု အရင်းရှင်ကြီးစနစ် အဆင့်အထိ လည်းကောင်း မရောက်သေး၊ လစ်ဘရယ်အရင်းရှင်စနစ်အဆင့်တွင် သာ ရောက်နေသေးသည်။

အရင်းရှင်စနစ်တွင် လစ်ဘရယ်ဝါဒက တန်ခိုးထက်နေချိန် ဖြစ်သည့်အားလျော်စွာ အနောက်တိုင်းမှ သိပ္ပံပညာများ ကို ဝါသနာထုံ၍ လိုက်စားနေသော ယောအတွင် းဝန် ဦးဘိုးလှိုင်၏ အတွေ းအခေါ်တွင် လည်း လစ်ဘရယ်ဝါဒက လွှမ်းမိုးနေမည် သာ ဖြစ်သည်။

ရာဇဓမ္မသင်္ဂဟကျမ်းတွင် သဿ  မေဓ၊ ပုရိသမေဓ၊ ဓမ္မပါသနှင့် ဝါစပေယျစသော သင်္ဂဟ အပါးလေးပါးနှင့် ပတ်သက်၍ ယောအတွင် းဝန် ဦးဘိုးလှိုင်က ရှင်းလင်းရင်း ....

“ကုန်သည် လယ်လုပ်တို့ကို လုပ်အောင်၊ ကူးသန်းအားရှိအောင် အပိတ်အပင်မရှိ ဖွင့်၍ အခွင့်ပေးခြင်း၊ ဤကဲ့သို့ နှောင့်ယှက်ဖျက်ဆီးရှိလျှင် ကုန်သည်တို့အားလည်း ကောင်းစွာ ကူးသန်း ရောင် းဝယ်ခြင်းကို မပြုနိုင်ရာ

လယ်ယာလုပ်ဆောင်သည့် တောင်သူတို့လည်း လယ်ယာကို ကောင်းမွန်စွာ မလုပ်ဆောင်နိုင်ရာ။ ဤသို့ အကူးအသန်းအရောင်းအဝယ် လုပ်ဆောင်ရအောင် အကြီးအအုပ်နှင့် တကွ အစောင့်အရှောက် အထိန်းအသိမ်းထားပြီးမှ ကောင်းမွန်စွာ ကူးသန်းရောင်းဝယ်ရ အောင် လုပ်ဆောင်ရာသည်" ဟု ဖော်ထုတ်ထားသည်။

ကူးသန်းရောင်းဝယ်မှု ကို အပိတ်အပင်မရှိ ဖွင့်၍ အခွင့်ပေးရမည် ဟု ဆိုသော ကြောင့် ယောအတွင်းဝန် ဦးဘိုးလှိုင်သည် အချုပ်အချယ်မရှိ လွတ်လပ်စွာ ကူးသန်းရောင်းဝယ်မှု (Free Trade) သဘောတရားကို ရှေ့နေလိုက်ကြောင်း ထင်ရှားသည်။ ထိုစဉ်က ဥရောပ၌ လည်း အဒမ်စမစ်၊

ရီကာဒို စသည့် ဘောဂဗေဒပညာရှင်များ က အချုပ်အချယ်မရှိ လွတ်လပ်စွာ ကူးသန်းရောင်းဝယ်မှု ကို ကြွေးကြော်လျက်ရှိကြသည်။

အချုပ်အချယ်မရှိ လွတ်လပ်စွာ ကူးသန်းရောင်းဝယ်နိုင်ရေး ဟူသော သဘောတရားသည် ထိုခေတ်ထိုအမြင်နှင့် ကြည့်လျှင် ခေတ်ရှေ့တစ်လှမ်း ပြေးလျက်ရှိ၏ ။ တိုးတက်သည်ဟု ဆိုရမည် ။ အကြောင်းမူ ထိုစဉ်က မြေရှင်ပဒေသာရာဇ်ကြီးတို့သည် မင်းဧကရာဇ် နန်းရိပ်နန်းဝါကို ခိုလှုံလျက် ကူးသန်းရောင်းဝယ်မှု မှန်သမျှကိုလည်း လက်ဝါးကြီး အုပ်ထားခဲ့သော ကြောင့် ဖြစ်သည်။

ထို့ကြောင့် ယောအတွင်းဝန် ဦးဘိုးလှိုင်သည် မင်းတုန်းမင်းတရားကို သော လည်း ကောင်း၊ သီပေါမင်းတရားကိုသော် လည်းကောင်း အချုပ်အချယ်မရှိ လွတ်လပ်စွာ ကူးသန်းရောင်းဝယ်ခွင့်ပြုရန် အတင်းအကျပ် လျှောက်ထားခဲ့လျှင် မြို့ စားရွာစားကြီးများ နှင့် လည်းကောင်း၊ ကုန်သည် လယ်လုပ်တို့ထံမှ အခွန်အတုပ်များ မှ ပဏ္ဏာတော် ဆက်သခံနေရသည့် မင်းမျိုး မင်းဆွေများ နှင့် လည်းကောင်း အမှန်တကယ် အကြီးအကျယ် အတိုက်အခံ တွေ့ရဖွယ်ရာ ရှိသည်။

ယောအတွင်းဝန် ဦးဘိုးလှိုင်သည် မင်းလုပ်စိုးမိုးသူက စီးပွားရေး အတွင်း ဝင်လျက် စွက်ဖက် ခြယ်လှယ်သည်ကို ကြိုက်နှစသက် ဟန် မတူ၊ ဦးဘိုးလှိုင်၏ အမြင်၌

မင်းသည် စီးပွားရေး ယန္တရားကြီးအား စောင့်ရှောက်ပေးရသော ဒရဝမ်သာ ဖြစ်ထိုက်သည်။

ထို့ကြောင့် ..........

"အကူး အသန်း အရောင် းအဝယ် အလုပ်အဆောင် မပျက်မစီး ကောင်းမွန်စွာ ကူးသန်းရောင် းဝယ် လုပ်ဆောင်ရအောင် အကြီးအအုပ်နှင့် တကွ အစောင့်အရှောက် အထိန်းအသိမ်း ထားသင့်သည်။ အကြီးအအုပ်နှင့် တကွ အစောင့်အရှောက် အထိန်းအသိမ်း ထားပြီးမှ ကောင်းမွန်စွာ ကူးသန်းရောင် းဝယ်လုပ်ဆောင်နိုင်ရာသည်" ဟု အထက်တွင် ဆိုခဲ့ခြင်း ဖြစ်လေသည်။

ယောအတွင် းဝန်သည် ၁၉ - ရာစုနှစ် တွင် ဥရောပ၌ ပေါ်ပေါက်ခဲ့သော အစိုးရက စီးပွားရေး တွင် ဝင်မစွက်သင့်၊ အစိုးရ၏ တာဝန်သည် စီးပွားရေး စနစ်ကြီး ကောင်းမွန်စွာ 'လည်' 'မလည်' ကိုသာ စောင့်ထိန်းရန် ဖြစ်သည်ဟူသည့် အစိုးရ အချု ပ်အချယ်ကင်းသည့် စီးပွားရေး လွတ်လပ်မှု ဝါဒ (Lisserfaire) ကို လျှောက်ထားဟန်တူသည်။

ရာဇဓမ္မသင်္ဂဟကျမ်းတွင် ဦးဘိုးလှိုင်သည် သင်္ဂဟတရား လေးပါးနှင့် ပတ်သက်၍ အကျယ်တဝင့် အနက်ဖွင့်ထား၏ ။ ဤသို့ အနက်ဖွင့်ရာတွင် ယောအတွင် းဝန်သည် 'ကုန်သည် လယ် လုပ်' ဟူသော စကားလုံးကို မကြာခဏ သုံးစွဲသည်ကို တွေ့ရသည်။ ထိုသည်က ကုန်းဘောင်ခေတ် နောက်ပိုင်းတွင် ကုန်သည်အရင်း (Merchant Capital) သည် အတော် အတန် ကြီးပွားလာပုံရ၍ ဦးဘိုးလှိုင်သည် ခေတ်ပေါ် ဤအတန်းအစား၏ အကျိုးစီးပွားကို ထမ်းဆောင်ရမည် ဟု အရိပ်သုံးပါး

နားလည်ထားပြီး ဖြစ်ဟန်တူပေသည်။

ဦးဘိုးလှိုင်သည် သိုးဆောင်းနိုင်ငံများ ၏ တိုးတက်ပုံကို အတော် အားကျသည်။ ဦးဘိုး လှိုင် ရွှေနန်းတော် အတွင် း၌ မပါမပြီး ပဲခူးဆားကဲ့သို့ မင်းမှု ထမ်းနေသည့် အချိန်အခါသည် အင်္ဂလိပ် - မြန်မာစစ်ပွဲ နှစ် ကြိမ်တိုက်ပြီးသော အချိန် ဖြစ်လေသည်။ ထိုအချိန်တွင် ရွှေနန်းတော် အတွင် းသို့ သိုးဆောင်းကုန်သည်များ အပေါက်အရောက်

အတော် များ လျက် ရှိလေပြီ။ သိုးဆောင်းနိုင်ငံများ နှင့် လက်ပွန်းတတီး ဆက်ဆံနေရလေပြီ။ မြန်မာနှင့် ဆက်ဆံရသမျှသော သိုးဆောင်းများ မှလည်း ကုန် သည်များ သာ များ လေသော အခါ သိုးဆောင်းနိုင်ငံများ တိုးတက်ရသည်မှာ ဤကုန်သည်များ ကြောင့် သာ ဖြစ်သည်ဟု ဦးဘိုးလှိုင်၏ စိတ်တွင် ထင်ရှိမိ ခဲ့ဟန် တူသည်။

"ကုန်သည်တို့ အားရှိအောင်လည်း ပေါင်းစုစည်းရုံး၍ ကူးသန်းစေသည်။ ကိုယ့်နိုင်ငံ တွင် းသာ ကူးသန်းရောင် းဝယ်သည့်ထက် အခြားနိုင်ငံနှင့် ဆက်၍ ကူးသန်းရောင် းဝယ်ခြင်းသည်သာ၍ အကျိုး ကြီးမားသော ကြောင့် အခြားနိုင်ငံများ နှင့် ကုန်သည်ကို ကူးသန်းရောင် းဝယ်ခြင်း၌ အပိတ် အပင် အဆီးအတားမရှိရအောင် မိတ်ဖွဲ့၍ ပေးပြီးလျှင် ကူးသန်းသွားစေသည်" (ရာဇဓမ္မသင်္ဂဟ ကျမ်း)

သိုးဆောင်းနိုင်ငံများ ကြီးပွားခြင်းသည် ကုန်သည်များ ကို စီးပွား ဖြစ်အောင် စောင့် ရှောက်သော ကြောင့် ဖြစ်သည်ဟု ယောအတွင် းဝန်က ဧကန်ပင် ယူဆသည်။ ထို့ကြောင့် လည်း သမ္မာပါသ တရားနှင့် ပတ်သက်၍ ရာဇဓမ္မသင်္ဂဟကျမ်းတွင် -

အခွန်အတုတ်အားကြီးအောင်ကိုလည်း ကုန်သည် တောင်သူတို့ကို အကူးအသန်း အလုပ်အဆောင် အားကြီးအောင် မ,စကြည့်ရှု၍ ထိုသူတို့ အလုပ်အဆောင် အကူးအသန်း အားကြီးရာတွင် အခွန်အတုတ် ကောက်ခံရမှု များ စွာ ရသည် ဖြစ်သော ကြောင့် နိုင်ငံကို အုပ်စိုးစောင့်ရှောက်ကုန် သော မင်းမှူး မတ်တို့သည် ထိုကုန်သည် လယ်လုပ်တို့ကိုချည်း မပြတ်ကြည့်ရှု၍ အားပေးရလိမ့်မည် ။ ဤသို့ အားပေးခြင်းသည်ပင် တိုင်းပြည်နိုင်ငံကို တိုးတက်အောင် ပြုလုပ်ခြင်း မည် သည်။ ။ဤသို့ ကုန်သည်၊ လယ်လုပ်တို့ကို အားရှိအောင် စောင့်မကြည့်ရှုခြင်းသည်ပင် သမ္မာပါသ တရား ဖြစ်သည်ဟု ဦးဘိုးလှိုင်က အနက်ဖွင့်ဆိုဟန် ရှိသည်။

ဦးဘိုးလှိုင်၏ အလိုအရ နိုင်ငံတွင် ဓနအင်အား ဖန်တီးနိုင်သော အင်အားမှာ ကုန် သည်နှင့် လယ်လုပ်တို့သာ ဖြစ်ချေသည်။ ကုန်သည် လယ်လုပ်တို့သည်သာ အခွန်အတုတ်ကို အဓိကရ ပေးဆောင်ရသူများ ဖြစ်ချေသည်။ ၎င်းတို့ ကြီးပွားချမ်းသာမှလည်း အခွန်အတုတ်ပို၍ ရလာ မည် ဖြစ်၍ မင်းသည် ကုန်သည်လယ်လုပ်တို့

ကြီးပွားချမ်းသာအောင် အားပေးရန် တာဝန်ရှိသည်ဟု ဆိုလိုခြင်း ဖြစ်သည်။

ဦးဘိုးလှိုင်၏ အယူအဆသည် ဦးဘိုးလှိုင်နှင့် တစ်ခေတ်တည်း ပြင်သစ်ပြည်တွင် ပေါ်ပေါက်ခဲ့သော မြေယာ ဘောဂဗေဒသမား (Physiocrat) မစ္စတာကွင်းစ်နေး၏ အယူအဆနှင့် တူ သည်။ ထိုစဉ်က ဥရောပဘောဂဗေဒ အတွေးအခေါ်တွင် မြေယာဘောဂဂိုဏ်း ဟူ၍ ဂိုဏ်းတစ်ဂိုဏ်း ပေါ်ခဲ့သည်။ ထိုဂိုဏ်း၏ အယူအဆမှာ နိုင်ငံ၏ ဓနကို ဖန်တီးနိုင်သူများ မှာ လယ်လုပ်သူများ သာ ဖြစ် သည်။ လယ်လုပ်သူများ သည် ကုန်ထုတ်နိုင်သော အစွမ်းရှိ၍ နိုင်ငံ၏ ဓနအင်အား တိုးပွားအောင် ဆောင်ကြဉ်းနိုင်သူများ သာ ဖြစ်သော ကြောင့် ဤလယ်လုပ်သူများ ကို ပို၍ နေရာပေးအရေး ထားရမည် ဟူ၍ ဖြစ်သည်။

မစ္စတာ ကွင်းစ်နေသည် ဦးဘိုးလှိုင်ကဲ့သို့ပင် သမားတော် ဖြစ်သည်။ လူကိုယ်ခန္ဓာကြီး ၌ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ညီမျှအောင် တစ်စုံတစ်ရာ သော ဥတုဘောဇန စည်းမျဉ်းများ လိုက်နာရသည်။ ဤစည်းမျဉ်းများ အနက်မှ တစ်ချက်ချက် ချိုး ဖောက်ရုံမျှဖြင့် ရုပ်ခန္ဓာကိုယ်ကြီးသည် တစ်စုံတစ်ရာ ချွတ်ယွင်းဖောက်ပြန်လာတတ်သည်ဟု မစ္စတာကွင်းစ်နေးက ဆို၍ ဤအချက်မှာ နိုင်ငံ ၏ စီးပွားရေး ကိုယ်ခန္ဓာကြီးကိုလည်း အရိယာပုဒ် မျှတစေရန် သင်္ဂဟတရားများ နှင့် အညီ ဆောင်ရွက် ရာသည်ဟု ဆိုသည်။

ယောအတွင်းဝန်ကလည်း နိုင်ငံ၏ လူမှု ရေး ၊ စီးပွားရေး အဆောက်အအုံအား မယိမ်းမ ယိုင် မဖောက်မပြန် အရိယာပုဒ်မျှစေရန် မင်းလုပ်စိုမိုးသော ဧကရာဇ်သည် သဿ မေဓ၊ ပုရိသမေဓ၊ သမ္မာပါသနှင့် ဓါဇပေယျမည် သော သင်္ဂဟတရားလေးပါးနှင့် အညီအညွတ် ဆောင်ရွက်ရာသည်ဟု ဆိုသည်။ ဤသင်္ဂဟတရားလေးပါးအနက် တစ်ပါးပါး၌ ချို့တဲ့ပျက်ကွက်လျှင် ဤနိုင်ငံသည် ဆုတ် ယုတ်မည် ။ ဤနိုင်ငံ၏ တိုးတက်ဖွံ့ဖြိုး မှု သည် သင်္ဂဟ တရားလေးပါးနှင့် အညီ ဆောင်ရွက်ရမှု အပေါ်၌ တည်သည်ဟု ယောအတွင်းဝန်က ဆို၍ သိုးဆောင်းနိုင်ငံများ ဖွံ့ဖြိုး ရခြင်းသည် သင်္ဂဟ တရားလေးပါး နှင့် အညီ ပြု မှုဆောင်ရွက်ချက်ကြောင့် ဖြစ်သည်ဟု ဆိုလေသည်။

တိုင်းပြည်၏ ထုတ်ကုန်ကို ဖြန့်ဖြူး ဝေခြမ်းရာ၌ ၊ လူတန်းစား အသီးသီးသည်

မိမိတို့ ခံစားထိုက်သည့် အချိုး အစားအတိုင်းသာ ရထိုက်သည်။ အတန်းအစားတစ်စားကိုလွဲ၍ ဖြန့်ဖြူး မိလျှင် နိုင်ငံ၏ ဓနပင် ဆုတ်ယုတ်နိုင်သည်ဟု မစ္စတာကွင်းစ်နေးက ဆိုသည်။

ယောအတွင် းဝန် ဦးဘိုးလှိုင်ကလည်း -

"အစောင့်အရှောက် အလိုရှိရာ လှူဒါန်းပေးကမ်း သုံးစားကုန်လျှင် ခိုးခြင်း ၂၅ - ပါးတို့ တွင် လိမ်လည်လှည့်စား၍ ယူသော ကုဋာဝဟာရ၊ နှိပ်စက်၍ ယူသာ ပသယှာဝဟာရတို့မှာ လွှန်နိုင်ရန် အကြောင်းနမရှိ" ဟု ရာဇဓမ္မသင်္ဂဟကျမ်းတွင် မြွက်ကြားခဲ့လေသည်။

ယောအတွင် းဝန်သည် တိုင်းပြည်ရှိ လူတန်းစား အသီးသီးအား စီးပွားရေး ၌ မိမိတို့ အ

ထောက်အကူပြုသည့် အင်အားအလိုက်သာ အချိုး ကျဓန ဖြန့်ဝေသင့်သည်ဟု အယုံအကြည် ရှိသည်။ အချိုး အစားမရှိ ထင်ရာဝေခြမ်းသည်ရှိသော် တိုင်းပြည်ရှိ စီးပွားရေး ယုတ်ညံ့သည်သာမက တမလွှန်၌ လည်း ပသယှာဝဟာရတို့မှ လွှန်နိုင်ရန် အကြောင်းမရှိဟု ဆိုသည်။

သီပေါဘုရင် လက်ထက်၌ ယောအတွင် းဝန် ဦးဘိုးလှိုင်သည် ဘုရင်မှအစ မောင်းမမိ သ ံ ရွှေရုံသင်းပင်း မင်းမှု ထမ်းများ အဆုံး လစာ ရွှေတာယူကြရန် လျှောက်ထားခဲ့သည်။ ဤသို့ လျှောက်ထားရာ၌ ဦးဘိုးလှိုင်၌ အကြောင်းနှစ် ချက် ရှိဟန်တူသည်။ ပထမအကြောင်းမှာ မြန်မာတစ် နိုင်ငံလုံးကို သိမ်းပိုက်ရန် ရန်အမျိုး မျိုး ရှာနေသော အင်္ဂလိပ်နယ်ချဲ့သမားတို့အား ခုခံတိုက်ခိုက်ရာ စစ်သည်ရဲမက် လက်နက်အင်အားများ တောင့်တင်းခိုင်မာစွာ နှင့် ခုခံတိုက်ခိုက်နိုင်ရန်အတွက် ဖြစ် သည်။ ဒုတိယအချက်မှာ ပြည့်ရှင်မင်းနှင့် မောင်းမမိသ ံ ရွှေရုံပေါင်းသင်း မှူး ကြီးမတ်ကြီးတို့သည် ပြည်သူများ ထံမှ အခွန်အတုတ်ကြီးစွာ ယူ၍ အဆောင်အယောင် အခန့်သားနှင့် စည်းစိမ်ခံစားနေသည်ဟု မနှစ် မြို့ သော ကြောင့် ဖြစ်သည်။ တစ်နည်းဆိုလျှင် ဓနအင်အား

ဖန်တီးနိုင်သော ကုန်သည် လယ်လုပ်တို့အား ကရုဏာ ပြုအပ်ပြုကောင်းသော အမှု တို့၌ လျစ်လျူရှုပြီး ရွှေနန်းတော် သာယာအောင်သာ စေတနာထားနေခြင်းကို မနှစ် မြို့ သော ကြောင့် ဖြစ်လေသည်။

ဤသို့ လျှောက်ထားပြောလည်း "ရှင်ဘုရင်လုပ်ရတာ ငလိုင် ပေးသရွေ့နဲ့စားရမှာ တဲ့ လား။ ဒီလိုဖြင့် ရှင်ဘုရင်တောင် မလုပ်ချင်တော့ဘူး" ဟု သီပေါမိဖုရားလေး၏ အထင်အမြင်အမှာ းမှု ကိုသာ အဖတ်တင်ခံခဲ့ရလေသည်။

ယောအတွင် းဝန် ဦးဘိုးလှိုင်သည် တိုင်းပြည်၏ ဓနအင်အား အချိုး ကျကျ ဖြန့်ဖြူး ရေး ၌ မြေယာ ဘောဂဗေဒသမားနှင့် အယူအဆချင်း တူညီသည်။ လယ်လုပ်သူတို့သည် ကုန်ထုတ်အစွမ်းရှိ၍ ဓနအင်းအား ဖန်တီးနိုင်သူများ ဖြစ်သည်ဟူသော အချက်၌ လည်း ၎င်းတို့နှင့် တူညီသည်။

သို့ရာတွင် ယောအတွင် းဝန် ဦးဘိုးလှိုင်အား မြေယာဘောဂဗေဒသမားအ ဖြစ် စာရင်းသွင်းသင့် မသွင်းသင့် နှင့် စပ်လျဉ်း၍ မှုကား တပ်အပ်မပြောနိုင်ပေ။ မြေယာဘောဂဗေဒ သမားတို့ကို လယ်လုပ်သူတို့အား ဓနအင်အား ဖန်တီးနိုင်သည်။ ကုန်သည်တို့သည် အမြုံများ ဖြစ်၍ ဓနအင်အားသစ်များ ဖန်တီးနိုင်စွမ်းမရှိဟု ဆိုကြသည်။

သို့ရာတွင် ဦးဘိုးလှိုင်က -

"အဝေသေဿ နံ့ မင်းမျိုး မှ ကြွင်းကုန်သော ပုထုဝေဿ သုဒ္ဒါနံများ စွာ ကုန်သော သူဌေး၊ သူကြွယ်၊ ကုန်သည်၊ လယ်လုပ် ဆင်းရဲသားတို့၏ ကသိဝါဏိဇ္ဇ ဂေါရက္ခာ လယ်လုပ်ခြင်း၊ ကုန်ကူးခြင်း၊ ဝန်တိုက် နွားသား ပွားအောင် နွားမတို့ကို မွေးကျွေးစေခိုင်းခြင်း အမှု တို့ကို ကရုဏာ ပြုအပ်ပြုကောင်းသော အမှု တို့တည်း" ဟူ၍ ကာယာနု ပဿ နာ ကျမ်းတွင် လည်းကောင်း-

"ကုန်သွယ်လယ်လုပ်၊ ကြိုး ကုတ်များ စွာ ၊ လူတကာတို့၊ ခိုင်မာရင့်ကြည်၊ ပြည်ဝမ်းမည် ၏ " ဟူ၍ မင်းစဉ်လင်္ကာကို ကိုးကား၍ လည်းကောင်း၊ အနက်ဖွင့်ဆိုထားသည်ကို ထောက်သော် ယော အတွင် းဝန်သည် ကုန်သည်

အတန်းအစားအား ပြည့်ဝမ်းသဖွယ် သဘောထားကြောင်း တွေ့ရ သည်။ ။

ဤအချက်ကပင် ကုန်သည်အတန်းအစားအား ဦးဘိုးလှိုင်က အမြဲအ ဖြစ် သဘောမထားကြောင်း ထင်ရှားသည်။

ကုန်သည် အတန်းအစားနှင့် ပတ်သက်လျှင် ယောအတွင်း ဝန်သည် အဒမ်စမစ်နှင့် အယူအဆချင်း တူညီသည်ဟု စိတ်ချလက်ချ ကောက်နုတ်နိုင်ပေသည်။ အဒမ်စမစ်သည် လယ်လုပ်သူတို့၌ ကုန်ထုတ် အစွမ်းသတ္တိရှိသည်ဆိုသော အချက်ကို မငြင်းပယ်ပေ၊ လုံး၀ လက်ခံသည်။ သို့ရာ တွင် ကုန်သည်တို့သည် အမြဲဖြစ်၍ ဓန မဖန်တီးနိုင်ကြ၊ ကုန်မထုတ်နိုင်ကြဟူသော အချက်ကိုကား ကန့်ကွက်၏ ။

"လက်မှု ပညာသည်များ ၊ ကုန်ထုတ်လုပ်သူများ နှင့် ကုန်သည်များ ကို ကျွန်ုပ်တို့သည် ကုန်ထုတ်နိုင်စွမ်းသော အတန်းအစားတွင် စားရင်းသွင်းလိုပါသည်" ။ (အဒမ်စမစ် နိုင်ငံတို့၏ ဓန အင်အားများ စာအုပ်)

ဦးဘိုးလှိုင်က ကုန်သည်ဟုဆိုရာ၌ ဈေးသည်၊ ပွဲစား၊ ကုန်ကူးသူတို့ကိုသာ ဆိုလိုဟန် မရှိ။ လက်မှု လုပ်ငန်းရှင်၊ စက်မှု လုပ်ငန်းရှင်များ ကိုလည်း ထည့်သွင်းရည်ညွှန်းဟန် ရှိသည်။ အကယ် ၍ ကုန်သည် အတန်းအစားအား ကုန်ထုတ် အပိုအလျှံထုတ်လုပ်နိုင်စွမ်း မရှိဟု ဦးဘိုးလှိုင်က ဆိုလို ဟန် ရှိခဲ့လျှင် အောက်ပါစာပိုဒ်ကို ဦးဘိုးလှိုင် ရေး သားခဲ့ရန် အကြောင်းရှိလိမ့်မည် မဟုတ်ချေ။

"မီးသဘော်၊ မီးရထား၊ ရက်ကန်းစက်မှ စ၍ စက်အမျိုး မျိုး ၊ ဖလ်မှန်၊ ပန်းကန်၊ ပိုးထည်၊ ချည်ထည် အမျိုး မျိုး တို့သည် ဉာဏ်ပညာမှ ထွက်သည်ချည်း ဖြစ်သည်။ စကားပြော ကြေးနန်း၊ အရိပ် လူပုံကို ယူနိုင်သော အတတ်(ဓာတ်ပုံ) အစရှိသည်တို့သည်လည်း ဉာဏ်ပညာမှ ဖြစ်သည်ချည်း ဟူ၍ မှတ်ရမည် "။

(ရာဇဓမ္မသင်္ဂဟကျမ်း)

ဦးဘိုးလှိုင်သည် ဉာဏ်နှင့် ဝီရိယဖြင့် ပြီးစီးသော လုပ်ငန်းမှန်သမျှကို ကုန်ထုတ်နိုင်စွမ်း ရှိသည်။ ဓနအင်အား ဖန်တီးနိုင်စွမ်းရှိသည်ဟု ဆိုလိုဟန် ရှိလေသည်။

ဦးဘိုးလှိုင်သည် အနောက်နိုင်ငံတို့၌ 'ငွေတိုက်' (ဘဏ်တိုက်ကို ဆိုလိုဟန်ရှိသည်) ထွန်းကားသည်ကို အတော် အားကျပုံရသည်။ 'ငွေတိုက်' ထွန်းကားမှ တိုင်းပြည် စည်ပင်ဝေဖြာမည် ဟု ယုံကြည်ဟန်ရှိသည်။ ထို့ကြောင့် လည်း မြန်မာနိုင်ငံ၌ 'ငွေတိုက်' တည်ထောင်၍ ကြီးပွားစေရန် အကြံပေးခဲ့သည်။

"ကောသမည် သော ကျီ၊ ကြ၊ တိုက်တော် ဟူသည်ကား သင်္ဂဟတရားလေးပါး၌ ဆိုခဲ့ပြီး သည့်အတိုင်း သမ္မာပါသတရားကို ကောင်းစွာ ဖြစ်ထွန်းစေရအောင် လည်းကောင်း ၊ တိုင်းသူပြည်သူ အားလုံးတို့နှင့် ဆက်ဆံနိုင်သော ငွေတိုက်ကို အနောက်တိုင်းပြည် သိုးဆောင်းနိုင်ငံများ ကဲ့သို့ လုပ်ဆောင်ထားလျှင် အပရိယာနိယ တရား တိုးပွား၍ အလွန်ခိုင်မာသော နိုင်ငံ ဖြစ်နိုင်သည်။

ငွေတိုက် လုပ်ပုံကား နိုင်ငံကထွက်သရွေ့ အခွန်ကို လည်းကောင်း၊ မင်း၊ မှူး မတ်တို့ အထိုက်အလျောက်ရသော ဥစ္စာပစ္စည်းတို့ကို လည်းကောင်း၊ ကြီးကျယ်ကောင်းမွန်စွာ အခိုင်အလုံ တိုက်ကြီးတည်၍ ဤတိုက်ကြီး၌ ပေါင်းစုထားပြီးလျှင် အသုံးရှိသည်ကို ဤတိုက်ကြီးကာ ထုတ်ယူသုံး ရသည်။

(ရာဇဓမ္မသင်္ဂဟကျမ်း)

ဦးဘိုးလှိုင်သည် ကောသမည် သော ငွေတိုက်ကြီး တစ်ခုကို တည်ထောင်လိုသည်။ တစ်နည်းအားဖြင့် ယခုခေတ် စကားဖြင့် ဗဟိုဘဏ်ကြီး (Central Bank) ကို တည်ထောင်လိုသည်။

ဘဏ်စနစ်ဟူသည် ကုန်သည်တို့အား အကျိုး ဖြစ်သည်သာ ဖြစ်၍ ဘဏ်စနစ် ထွန်းကား လိုသော ဦးဘိုးလှိုင်သည် ကုန်သည်တို့အား အမြုံသဖွယ် မမှတ်ယူကြောင်း ထင်ရှားပြန်သည်။

အကယ်၍ ကုန်သည်တို့အား အမြုံအ ဖြစ် သဘောထားလျှင် ဦးဘိုးလှိုင်သည် ၎င်းတို့အား ငွေတိုက်ကြီးမှ အတိုးနည်းနည်း နှင့် ငွေချေးငှားရန် သဘောထား ရှိလိမ့်မည် မဟုတ်ပေ။

အသုံးပြင် ပိုမိုသည့် ငွေကိုလည်း လယ်ယာလုပ်ဆောင် ကူးသန်း ရောင်းဝယ်သည့် ကုန်သည် လယ်လုပ်တို့က အလိုရှိလျှင် အတိုးအနည်းငယ်နှင့် သမ္မာပါသတရား ဖြစ်အောင် ထုတ်ချေး ငှားသည်။

(ရာဇဓမ္မသင်္ဂဟကျမ်း)

ယောအတွင် းဝန်သည် ဘဏ္ဍာရေး ဝန်ကြီးလည်း ဖြစ်ခဲ့သည်။ ထိုစဉ်က အခွန်ကောက် ခံ သည့် စနစ်မှာ ပြည့်ရှင်မင်းကြီးထံ တစ်စုံတစ်ရာ ပေးပို့၍ ကျန်သမျှကို ဆိုင်ရာ မြို့ စားရွာစားတို့က ကိုယ်ရ ကိုယ်ယူစနစ်ဖြင့် ဆောင်ရွက်ဟန် ရှိကြသည်။ ယောအတွင် းဝန်သည် ဤစနစ်ကို နှစ် မြို့ ခြင်း မရှိ၊ ငွေတိုက်ကြီး တစ်တိုက်ကို ဖွင့်လှစ်၍ စည်းကြပ်ရသမျှ အခွန်တော် မှန်သမျှကို ဤငွေတိုက်ကြီး တွင် ပေါင်းစုထားလိုသည်။ တစ်နည်းဆိုလျှင် ဦးဘိုးလှိုင်သည် ဗဟိုက စုစည်းချုပ်ကိုင်သော အခွန် တော် စနစ်ကို တည်ထောင်လိုဟန် ရှိလေသည်။

အခွန်တော် စည်းကြပ်ရာ၌ ယောအတွင် းဝန် ဦးဘိုးလှိုင်သည် ရှေးအစဉ်အလာတစ်ရပ်ကို တော် လှန်ပစ်လိုက်၏ ။ မှန်နန်းရာဇဝင်တော် ၌ ဇမ္ဗူဒီပကျွန်းနှင့် ပတ်သက်၍ “ ဇမ္ဗူဒီပ ကျွန်းသူ ကျွန်းသားအပေါင်းတို့သည် မဟာသမ္မတမင်းကို မှီ၍ အသက်မွေးကုန်၏ ။ လုပ်ဆောင်ရသော ပစ္စည်း ပစ္စယတို့ကို မဟာသမ္မတမင်းအား ဆယ်ဖို့ တစ်ဖို့၊ ဆယ်ခိုင်တစ်ခိုင်၊ ဆယ်လုံးတစ်လုံး၊ ဆယ်ပွင့် တစ်ပွင့် ဆက်ကုန်၏ ” ဟူ၍ လည်းကောင်း၊ မင်းတို့ သင်္ဂဟ လေးပါး သရုပ်၌ အခွန်အတုတ်ကို ဆယ်ဖို့ တစ်ဖို့ ခံရခြင်းလည်း တစ်ပါး” ဟူ၍ လည်းကောင်း ဖော်ပြထားသည်။

ရှေးအစဉ်အလာ၌ အခွန်တော် နည်းသည် ဆယ်ဖို့တစ်ဖို့ (ဝါ) (Proportional Taxation) ဖြစ်သည်။ ဤအစဉ်အလာကို ဦးဘိုးလှိုင်က တော် လှန်ပစ်သည်။

“သံယုတ်အဋ္ဌကထာ၊ ဏ္ဍတိဝုဒ် အဋ္ဌကထာ၊ ယဇ်ကြီးငါးပါးအဖွင့်တွင် ဆယ်ဖို့တစ်ဖို့ သသ မေဓ ရှေးက ကောက်ခံသည်ဆို၏ ။ သို့သော် လည်း ပါဠိတော် တွင် မည် ၍ မည် မျှ အဖို့ အစု မပါဝင်သော ကြောင့် နိုင်ငံအင်အားအလျောက် သင့်လျော်အောင်

ကောက်ခံသည်သာ သင့်တင့် ကောင်းမွန်သည်ဟူ၍ မှတ်ရမည် ”

(ရာဇဝမ္မ သင်္ဂဟကျမ်း)

ဦးဘိုးလှိုင်သည်ရှေးအစဉ်အလာအတိုင်းဆယ်ဖို့တစ်ဖို့ အခွန်စည်းကြပ်ရမည်ကို လက်မခံ “တိုင်းပြည်နိုင်ငံ၌ ပေါ်ပေါက်ကျရောက် ဖြစ်ထွန်းသမျှသော စီးပွားချမ်းသာတို့မှာ မှူး မတ် ပြည်သူတို့ ညှိနှိုင်းပြီးလျှင် မည် ၍ မည် မျှ အကောက်ခံမည် ကို ဆုံးဖြတ်ကာထားသည့် ဥပဒေအတိုင်း အပိုအလိုမရှိ ကောက်ခံလိုသည်။ တစ်နည်းဆိုလျှင် အခွန်ထမ်းဆောင်နိုင်သော စနအင်အား (Ability to Pay) နှင့် အညီ ကောက်ခံ၍ လိုအပ်လျှင် သူဌေးများ ကို အခွန်ပို၍ စည်းကြပ်ခြင်း (Progressive Taxation) ကို ကျင့်သုံးထိုက်သည်ဟု ယူဆဟန်ရှိသည်။

အခွန်တော် ပေါ်လစီ၌ ဤသဘောထားရှိပြီးနောက် ဘဏ္ဍာတော် သုံးစွဲမှု အပိုင်းတွင် ယောအတွင်းဝန်ဦးဘိုးလှိုင်သည် ကျစ်ကျစ်လျစ်လျစ် ချွေတာစေလိုသည်။ ရသမျှအခွန်တော် ကို နိုင်ငံအုပ်ချုပ်မှု အပိုင်း၌ သာ အကုန်သုံးစွဲပစ်သည်ကို မလိုလား၊ အုပ်ချုပ်ရေး အပိုင်းတွင် တတ်နိုင်သမျှ ချွေတာပြီး “ ကုန်သည်လယ်လုပ်တို့အား သမ္မပါသတိုးအောင်” အားပေးရာတွင် ပို၍ သုံးစွဲလိုသည်။ တစ်နည်းဆိုလျှင် အစိုးရသည် စီးပွားရေး ဘက်တွင် လည်း သုံးစွဲစေလိုဟန် ရှိလေသည်။

“ပြည်သူတို့ မနာမကြည်းရအောင် ညှိနှိုင်း တိုင်းထွာ၍ သသ မေခ ကောက်ခံပြီးလျှင် ရသည့်ငွေအနက် ပြည်ရှင်မင်းကို တစ်နှစ် ပတ်လည် သုံးလောက်အောင် ဆက်သပြီး၍ ကျန်ငွေများ ကို အခြားတစ်ပါး အသုံးအဆောင်မရှိ မှူး မတ်တို့ သဘောတူထားသည့် ငွေတိုက်သို့ သွင်းရမည် ”

(ရာဇဝမ္မ သင်္ဂဟကျမ်း)

ဦးဘိုးလှိုင်သည် ဘတ်ဂျက်တွင် ရငွေက သုံးငွေထက် ပိုရသော ဘတ်ဂျက်ဝါဒကို ရှေ့နေလိုက်ပေးသည်။

ဦးဘိုးလှိုင်သည် တစ်အိမ်ထောင်အတွက် အသုံးစရိတ် ပုံသဏ္ဍာန်နှင့်

ပတ်သက်၍ လည်း ဩဝါဒပေးသွားသေးသည်။

“ပျားပိတုန်း ပန်းစုသကဲ့သို့ ခြတောင်ပို့ လုပ်သကဲ့သို့ ပြင်းစွာ လုံ့လထုတ်မှ

သာလျှင် ဥစ္စာများ စွာ ပေါင်းစုလိမ့်မည် ။

ထိုမှ ဤမှရသော ဥစ္စာတို့ကို လေးပုံတစ်ပုံကို ဝတ်စားသုံးဆောင်၊ နှစ် ပုံတို့ဖြင့် အမြတ်ရအောင် လယ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း အမှု တို့ကိုပြု၊ လေးစုမြောက်သော ကြွင်းသော တစ်ပုံကိုမူကား ဘေးရန်ရှိလျှင် ပေးကမ်းဆောင်ရွက်ရအောင် သိမ်း၍ ထားဟူလိုသည်”

(ကာယာနုပဿ နာကျမ်း)

ဦးဘိုးလှိုင်သည် ရသည့် ဝင်ငွေအား လေးပုံပုံစေ၍ တစ်ပုံကို စားသုံးဝတ်စားခြင်း (Consumption) တွင် သုံး၍ နှစ် ပုံကို အရင်းအနှီးအ ဖြစ် အသုံးပြုစေပြီး ကျန်တစ်ပုံကို လိုအပ်လျှင် သုံးစွဲရန် စုဆောင်းထားစေလိုသည်။

ဦးဘိုးလှိုင်သည် ဝင်ငွေကိစ္စတွင် သုံးစွဲဝတ်စား စားသုံးခြင်းထက် အရင်းအနှီးပြုခြင်း (Investment) နှင့် စုဆောင်းခြင်း (Saving) ကိုပို၍ အသားပေးသည်။ တစ်အိမ်ထောင်နှင့် ပတ်သက်၍ ဤသို့ အသားပေးသကဲ့သို့ တစ်နိုင်ငံလုံးနှင့် ဖြံ့၍ လည်း သမ္မာပါသတိုးအောင် (၀၊) ကုန်သည်လယ်လုပ်တို့ အရင်းအနှီး တိုးပွားရန် လည်းကောင်း၊ ကောသမည် သော ငွေတိုက်ထောင်၍ နိုင်ငံ ရွှေငွေစနေ ပစ္စည်းများ ကို စုဆောင်းရန်လည်းကောင်း အသားပေးလေသည်။ ဦးဘိုးလှိုင်သည် တိုင်းပြည်၏ စီးပွားရေး ကို ဖွံ့ဖြိုး တိုးတက်လိုသူ ဖြစ်သည် အားလျော်စွာ ဤသို့ အရင်းအနှီးမ တည်မှု နှင့် စုဆောင်းမှု တွင် အသားပေးခြင်းသည် စင်စစ်၌ ဆန်းသည်မဟုတ်ပေ။

ယောအတွင်း းဝန် ဦးဘိုးလှိုင်ခေတ်၌ သိုးဆောင်းနိုင်ငံတွင် လူဦးရေ တန္တြေကြီးက ခြောက်လှန့်လျက်ရှိသည်။ မာသ်သပ်စ် စသော ပုဂ္ဂိုလ်တို့က ကမ္ဘာတွင် လူဦးရေသည် ဂဲသြမေတြီ နည်းအရ တိုးပွားလျက်ရှိသဖြင့် ကမ္ဘာကြီး ပျက်စီးတော့မလိုလို ဟောကိန်းထုတ်လျက် ရှိသည်။

ထိုအချိန်တွင် ဦးဘိုးလှိုင်က လူကန်ခန်းကြောင်း တရားကို ရာဇဓမ္မသင်္ဂဟကျမ်းအတွက် ရေး နေလေသည်။ လူဦးရေများ ပြားခြင်းသည် ဘေးမရှိ၊ အားတစ်ပါးပင် ဖြစ်သေးသည်ဟု ရေး သား နေလေသည်။

"တိုင်းပြည်နိုင်ငံ၌ အစားအသောက် အသုံးအဆောင် တိုက်အိမ် မြို့ ပြတို့ကို အများ အပြား အကြီးအကျယ် ဖြစ်စေလိုလျှင် လူကို များ ပြားအောင် လူတိုးပွား စည်ပင်အောင် နှလုံးထား၍ " ဟူ၍ လည်းကောင်း ၊ မြန်မာမင်းတို့ စစ်မက်အင်အားနှင့် မြို့ ရွာ လူနေအိမ်ခြေတို့ လျော့ပါး

သွားရသည်မှာ လူကုန်ခန်းစေသော 'ယုတ်မာသော တရားသုံးပါး' ကြောင့် ဖြစ်၍ 'ဤယုတ်မာသော တရားသုံးပါး မ ဖြစ်ရအောင် အားထုတ်နှိပ်ကွပ်သင့်သည်' ဟူ၍ လည်းကောင်း ယောအတွင်း းဝန် ဦးဘိုး လှိုင်က လူဦးရေတိုးပွားခြင်းကို ရေး သားနေလေသည်။

ယောအတွင် းဝန် ဦးဘိုးလှိုင်သည် မြန်မာနိုင်ငံအား သိုးဆောင်းနယ်ချဲ့သမားတို့က ခြိမ်းခြောက်နေသည်ကို မျက်ဝါးဝါးထင်ထင် တွေ့မြင်ရသည် ဖြစ်၍ သိုးဆောင်းနိုင်ငံများ က အဘယ်ကြောင့် သူတို့ခြိမ်းခြောက်နိုင်သည်ကို လှမ်း၍ လေ့လာကြည့်မိ၏ ။ သိုးဆောင်းနိုင်ငံများ ၏ အခြေအနေ အရပ်ရပ်ကို လက်လှမ်းမီသလောက် လေ့လာပြီးနောက် မြန်မာနိုင်ငံကိုလည်း သိုးဆောင်းနိုင်ငံများ ကဲ့သို့ပင် တိုးတက်ကြီးပွားစေလိုသည်။

ဦးဘိုးလှိုင်သည် သိုးဆောင်းနိုင်ငံများ စစ်မက်အင်အား ကြီးပွားရသည်မှာ စီးပွားရေး တောင့်တင်းသော ကြောင့် ဖြစ်သည်ဟုမြင်၍ အထက်ပါ ဘောဂဗေဒ အတွေ းအခေါ်များ ကို ဖော်ထုတ် ပြုစုခဲ့ခြင်း ဖြစ်ဟန်တူပေသည်။ တစ်ဖက်တွင် နေပြည်တော် သည် စစ်မက်အင်အားကြီးသော သိုး ဆောင်း နယ်ချဲ့သမားတို့၏ ရန်နှင့် ရင်ဆိုင်နေရသည် ဖြစ်၍ ရွှေပြည်တော် ဝန် ဦးဘိုးလှိုင်သည် နိုင်ငံ၏ စီးပွားရေး အင်အားတောင့်တင်းအောင် တည်ဆောက်ရန် ကြိုး ပမ်းခဲ့သည်။

စီးပွားရေး တောင့်တင်းအောင် ပြုလုပ်ရာ၌ ဦးဘိုးလှိုင်သည် အချုပ်အချယ်မရှိ လွတ်လပ်စွာ ကူးသန်းရောင်းဝယ်ရေး မူ ရှိမှ ၊ ကောသမည် သော ငွေတိုက်ကြီးရှိမှ၊ ဤငွေတိုက်ကြီးတွင် အခွန်တော် မှုး မတ်ပြည်သူ အပေါင်း ရွှေငွေဥစ္စာ ပစ္စည်းများ စုဆောင်းကြမှ အစိုးရသည် ကုန်သွယ်လယ်လုပ်အမှု တို့တွင် အားတက်သရော ကူညီမှ ထမြောက်နိုင်လိမ့်မည် ဟု ယုံကြည်သည်။

ကူးသန်းရောင်းဝယ်ရာ၌ လည်း ဦးဘိုးလှိုင်သည် 'ကိုယ့်နိုင်ငံတွင်း ၌ သာလျှင် ကူးသန်း ရောင်းဝယ်လျှင် အမြတ်အစွန်းများ စွာ မ ဖြစ်နိုင်။ ကူးသန်းရောင်းဝယ်ခြင်း အကြီးအကျယ် မ ဖြစ်နိုင်၊ ကြီးကျယ် ပြန့်ပြောသော နိုင်ငံကြီးတို့နှင့် မဟာမိတ် ဖြစ် ဆက်လက် ရွှေလမ်းငွေလမ်း ဖောက်ပြီးလျှင် ကူးသန်းရောင်းဝယ်ရ၍ နိုင်ငံသားတို့လည်း အမြတ်အစွန်း များ စွာ ရသည်" ဟု ထင်မှတ်သည်။

ဤအချက်အရ ဦးဘိုးလှိုင်အား အချုပ်အချယ်မရှိ လွတ်လပ်စွာ ကူးသန်းရောင်းဝယ် ရေး (Free Trade) သမားအနေဖြင့် မှတ်ယူဖွယ်ရာ ဖြစ်သည်။ ဦးဘိုးလှိုင်သည် တစ်ခုလုံး ခြုံကြည့်လျှင် စီးပွားရေး တွင် အချုပ်အချယ်ကင်းမှု ကို လိုလားသူ ဖြစ်သည်ကား မှန်၏ ။ သို့ရာတွင် ကောသ ငွေတိုက်တွင် ရွှေငွေဥစ္စာများ ပေါများ နေသည်ကို နှစ် မြို့ ဟန် ရှိသည်ကို ထောက်သော် ဦးဘိုးလှိုင်၏ အတွေးအခေါ်၌ ရွှေကို နိုင်ငံမှ မထွက်လို၊ နိုင်ငံတွင်းသို့သာ ဝင်လိုသော ကုန်သည်ဝါဒ (Merchan-tilism) သည်လည်း ရောနှောပါနေသေးကြောင်း အကဲခတ်မိလေသည်။

အသို့ပင်ရှိစေ ကျွန်တော့် အမြင်၌ ယောအတွင်းဝန် ဦးဘိုးလှိုင်သည် ထိုခေတ်အခါ၌ ပေါ်သော သိုးဆောင်းနိုင်ငံများ မှ ဘောဂဗေဒပညာများ ကိုသာ လိုက်စားခွင့် ရရှိခဲ့သည်ရှိသော် မြန်မာ ပြည်၏ အရှယ်ရောက် အဒမ်စမစ်တစ်ဦးအ ဖြစ် ပေါ်ပေါက်လာနိုင်ပေသည်။ ယခုပင်လျှင် ဦးဘိုးလှိုင် သည် အဒမ်စမစ်ပေါက်စ ဖြစ်ခဲ့ချေပြီ။

*****************************